ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝ:ဝ၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၇၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂ဝ၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝ:ဝ၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝ:ဝ၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ၁၄ - ၂ - ၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ချင်းအမျိုးသားနေ့အခမ်းအနား တက်ရောက်ရန်။ ဒေါ်ကျိုန်ဒိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အခမ်းအနားတက်ရောက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးငွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးဘော်ရယ်စိုးဝေ၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီလုပ်ငန်းတာဝန်များဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ ဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန်။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်းတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်းဆောင် တစ်ဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကြီး တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်း ဆောင် (၁)ဆောင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ပေ(၁၂၀ x ၃၀)ရှိတဲ့ တစ်ထပ်ကျောင်းဆောင်ကို လွန်ခဲ့တဲ့ ၁၉၉၇ ခုနှစ်က ဆောက်လုပ်ခဲ့ရာမှာ အဆောက်အအုံရဲ့ ထုပ်၊ ယောက်၊ ဒိုင်းမြားနဲ့ ပြတင်းတံခါးများကို သစ်ရိုင်းများဖြင့် ဆောက်လုပ်ခဲ့တဲ့အတွက် နှစ်(၂၀) ကြာတဲ့အခါမှာ ပိုးထိုးခြင်း၊ ခြစားခြင်းများဖြစ်ပေါ်ပြီး အမိုးသွပ်များမှာလည်းပဲ သံမစွဲတော့ဘဲနဲ့ ကွာနေသလို ပေါက်ပြဲရုံသာမက အုတ်ညှပ်ဆောင်အနေနဲ့ အင်္ဂတေများကွာကျခြင်း၊ အုတ်နှင့် သစ်သားတိုင်အကြား ကွာဟလာခြင်းများကြောင့် အချိန်မရွေး အန္တရာယ်ဖြစ်နိုင်တဲ့ အချိန်ရောက်ရှိနေပါတယ်။

အဆိုပါ အန္တရာယ်ရှိကျောင်းဆောင်ဟာ စတုတ္ထတန်း၊ ပထမတန်းနဲ့ KG ကလေးငယ်များ စာသင်ကြားခဲ့ရပါတယ်။ ကျွန်တော် မေးခွန်းတင်ပြပြီးတဲ့နောက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်ခါနီး ကျောင်းမပိတ်ခင်ကမှ အဆိုပါကျောင်းဆောင်အား အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ပြီး အဲဒီအဆောင်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသားလေးများကို အနီးမှာရှိတဲ့ ပန်းချီဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတစ်ခုသို့ ပြောင်းရွှေ့ပညာသင်ကြားပေးလျက် ရှိပါတယ်။

ကျိုက်ပိအခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၆ ခုနှစ်၊ ပညာသင်နှစ်မှ စတင်တိုးမြှင့်ပေးထားခဲ့တဲ့ကျောင်းဖြစ်ပါတယ်။ ယခင်မူလတန်းကျောင်းကို အန္တရာယ်ရှိကျောင်းဆောင်နေရာမှာ ၁၉၅၄ ခုနှစ်လောက်က တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ကျောင်းဆောင်ရဲ့ ဧရိယာအကျယ်အဝန်းကလည်းပဲ တစ်ကေမပြည့်မပါဘူး။ ကျောင်းဧရိယာချဲ့မရတော့တဲ့ အခြေအနေလည်းဖြစ်ပါတယ်။ ဒါကြောင့် အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အဆိုပါ မြေနေရာမှာ နှစ်ထပ် RC ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒီလိုဆောက်လုပ်ပေးနိုင်မှသာ တိုးလာမယ့်ကျောင်းသားဦးရေနဲ့ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယခုမြင်ရတာကတော့ အန္တရာယ်ရှိကျောင်းဆောင်ရဲ့ပုံ ဖြစ်ပါတယ်။ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတိပေးဆိုင်းဘုတ်ဖြစ်ပါတယ်။ မူလတန်းကျောင်းလေးကို စတင်တည်ထောင်ခဲ့တဲ့ ခုနှစ်လည်း မြင်နိုင်ပါတယ်။ ကျောင်းဆောင်ရဲ့ အမိုးအခြေအနေများဖြစ်ပါတယ်။ ပြုတ်ထွက်နေတဲ့ ပြတင်းတံခါးနဲ့ မြင်ရတာကတော့ ချောင်ထွက်နေတဲ့ ပြတင်းတံခါးများဖြစ်ပါတယ်။ အင်္ဂတေကွာကျနေတဲ့ နံရံတစ်နေရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်ပြီး အဲဒီမြေနေရာပေါ်မှာ ပေ(၁၂၀ x ၃၀)ရှိ နှစ်ထပ် RC ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်နေပါသဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အ.လ.က ကျောင်းမှ အန္တရာယ်ရှိသော ကျောင်းဆောင်၏ ရှေ့ဘက်မှ မြင်ကွင်းပုံ (၄)




မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အ.လ.က ကျောင်းမှ အန္တရာယ်ရှိသော ကျောင်းဆောင်၏ အမိုး ပြပုံ (၄-၁)



မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အ.လ.က ကျောင်းမှ အန္တရာယ်ရှိသော ကျောင်းဆောင်၏ ပြတင်းတံခါး ပြပုံ (၄-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရပ်ဝကျေးရွာအုပ်စု၊ မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် RCC တစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၅။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ပလက်ဝမြို့နယ် အတွင်းရှိ မဲဆန္ဒရှင်ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော ပညာရေးအဆောက်အအုံနဲ့ ပတ်သက်၍ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ မီးလက်ဝကျေးရွာသည် အိမ်ခြေ(၂၂၇)အိမ်ခန့်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အဆင့်တိုးမြှင့်ပြီးသော ကျောင်းဖြစ်ပါတယ်။ မီးလက်ဝကျေးရွာတွင် တိုက်ပွဲရှောင်ပြည်သူများ အိမ်ခြေ(၁၂၀)ခန့် အခြေတကျနေထိုင်လျက်ရှိပြီး ကျောင်းသူ၊ ကျောင်းသားများသည် ၎င်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တက်ရောက်ပညာသင်ကြားလျက် ရှိပါတယ်။ မီးလက်ဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ကျောင်းသူ၊ ကျောင်းသားပေါင်း (၄၀၀)နီးပါး ပညာသင်ကြားလျက်ရှိပြီး ဆရာ၊ ဆရာမ အင်အား(၁၁)ဦးရှိပါတယ်။ ယခုလက်ရှိ ကျောင်းဆောင်(၂) ဆောင်သာရှိပြီး စာသင်ခန်းများ လုံလောက်မှုမရှိ၍ (၉)တန်း ကျောင်းသူ၊ ကျောင်းသားများကို ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်းဝင်း ဥပုသ်ဇရပ်ဆောင်တွင် ပညာသင်ကြားနေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလျက်ရှိပြီး ပညာရေးအခန်းကဏ္ဍမြှင့်တင်ပေးရန် အထူးပင်လိုအပ်လျက် ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့တိုင်းပြည်အတွက် အင်မတန် အရေးကြီးလှပါတယ်။ ကျေးလက်ဒေသနေ လူငယ်၊ လူရွယ်များ၏ ပညာရေးအခွင့်အလမ်းများကို

မြှင့်တင်ပေးရေးနှင့်အတူ ကျောင်းသူ၊ ကျောင်းသားများပညာကို လုံခြုံစိတ်ချ ပျော်ရွှင်စွာ သင်ကြားနိုင်ရေးသည်လည်း လူငယ်များ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရာလည်းရောက် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် ဒေသခံရွာသူ၊ ရွာသားများက လိုလားနေကြပါတယ်။ မြေနေရာလည်း အဆင်သင့်ရှိပါကြောင်း ထပ်မံတင်ပြလိုပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း လာမည့်ဘဏ္ဍာရေးနှစ် ဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားသင့်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရပ်ဝကျေးရွာအုပ်စု၊ မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားအင်အားများ၍ (၁၂၀ x ၃၀)ပေ RCC တစ်ထပ်ကျောင်းဆောင်အသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ရွှေဝါကျေးရွာအုပ်စုရှိ ရွှေဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ မိန်းပန်းကျေးရွာအုပ်စုရှိ မိန်းပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးစိုင်းစံအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်အတွင်းရှိ အခြေခံပညာကျောင်းနှစ်ကျောင်းအား အဆင့်မြှင့်တင်ပေးနိုင်ရန် ဤမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ပညာရေးနှင့်ပတ်သက်၍ ယခင်ခေတ်များထက် ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ ယခင်က စာသင်ကျောင်းအခက်အခဲ၊ ဝန်ထမ်းအခက်အခဲများကြောင့် ဒေသခံကလေးများ ပညာသင်ကြားမည့် အခွင့်အလမ်းနည်းပါးခဲ့ရပါတယ်။ ယခုအခါ ကျေးလက်

ဒေသအနှံ့ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆင့်မြှင့်တင်သင့်သည့် ကျောင်းများကိုလည်း ဦးစားပေးမြှင့်တင်ပေးစေလိုပါတယ်။

ဟိုပန်မြို့နယ်၊ ရွှေဝါကျေးရွာအုပ်စု၊ အလယ်တန်းကျောင်းရွှေဝါသည် လက်ရှိအခြေခံပညာအလယ်တန်းအဆင့်မှ မူလတန်းအဆင့်အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၆၀၂)ဦး ပညာသင်ကြားလျက်ရှိပြီး ဒေသခံကလေးများနှင့်အတူ တပ်ရင်း(၂)ရင်းမှ တပ်ဖွဲ့မိသားစုကလေးများ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေတဲ့ကျောင်း(၁)ကျောင်း ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မိန်းပန်းကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းကျောင်း မိန်းပန်းတွင်လည်း ဒေသခံကလေးများ စုစုပေါင်း (၅၀၆)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးစေလိုပါတယ်။ သို့ဖြစ်ပါ၍ ဤမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် ကျောင်းသူ၊ ကျောင်းသားဦးရေများပြားသော ရွှေဝါကျေးရွာအုပ်စုရှိ အခြေခံပညာအလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ)အဆင့်သို့လည်းကောင်း၊ မိန်းပန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား မိန်းပန်းမူလတန်းလွန်အဆင့်သို့ တိုးမြှင့်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်အဆောင်(၁)သည် ဟောင်းနွမ်းပျက်စီးနေသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (၁၅၀ x ၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး နှစ်ထပ်ဆောင် RCC အဖြစ် ၂၀၂၀-၂၀၂၁

ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါန်ကျေးရွာဟာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် နယ်စပ် ထန်တလန်မြို့မှ မိုင်(၅၀)အကွာတွင် တည်ရှိတဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဒေါန်ကျေးရွာအုပ်စုတွင် ရွာကြီး(၂)ရွာရှိပြီး ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း(၁)ကျောင်း၊ ရာလ်ပဲလ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်းတို့ ရှိကြပါတယ်။ လက်ရှိ အခြေခံပညာအလယ်တန်းကျောင်းမှာ ကျောင်းသူ၊ ကျောင်းသားဦးရေ(၁၁၇)ဦးရှိပါတယ်။ ဒေါန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ၁၉၉၀ ပြည့်နှစ်မှစပြီး အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။

၎င်းကျောင်းဆောင်ဟာ ၁၉၉၀-၁၉၉၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ကျပ်(၇)သိန်းတိတိထောက်ပံ့ကူညီခဲ့ပြီး ဒေသခံပြည်သူလူထုနှင့်ပူးပေါင်းကာ (၁၅၀ x ၃၀ x ၁၂)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ ယခုအခါ နှစ်ပေါင်း(၃၀)ကျော်ကြာမြင့်နေသည့်အားလျော်စွာ အမိုးသွပ်များ၊ ကြမ်းခင်းများ၊ ပျဉ်များ၊ တိုင်များ၊ တံခါးပေါက်၊ ပြတင်းပေါက်များ၊ မျက်နှာကြက်များပါ ပျက်စီးယိုယွင်းနေပြီး ဥပဓိရုပ်မကောင်းတဲ့ အန္တရာယ်ရှိတဲ့ကျောင်းဆောင်ဖြစ်နေပါတယ်။ ကျောင်းသူ၊ ကျောင်းသားများကို အန္တရာယ်ရှိတဲ့အတွက် နှစ်သုတ်ခွဲပြီး တက်စေခဲ့တာကို ၉-၉-၂၀၁၈ ရက်နေ့တွင် ၎င်းကျောင်းသို့ ရောက်ရှိခဲ့စဉ် ကျွန်တော်ကိုယ်တိုင် တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့် ၎င်းကျောင်းဆောင်အား အသစ်ဆောက်လုပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်ဖြင့် ၁၉-၉-၂၀၂၀ ရက်နေ့တွင် ကြယ်ပွင့်မပြမေးခွန်းဖြင့် မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရောက်ရှိမှသာ အဆိုပါဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ သို့သော် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဲဒီကျောင်းဆောင်ရဲ့ မျက်နှာစာဖြစ်ပါတယ်။ အဲဒီလိုပဲ ပုံပျက်ပန်းပျက်ဖြစ်နေပါတယ်။ ဒါအနောက်ဘက်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါမြောက်ဘက်ပိုင်းက နည်းနည်းစောင်း နေတဲ့အတွက် ဒေါက်တိုင်ဖြင့်ထောက်ရပါတယ်။ ဒါတောင်ဘက်အပိုင်းက မြင်ရတဲ့ပုံဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။


ဒါကြောင့်မို့ ပုံတွင်မြင်တွေ့ရတဲ့အတိုင်း အလယ်တန်းကျောင်း ဒေါန်ကျေးရွာ လက်ရှိကျောင်းဆောင်ဟောင်း သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အအုံဟာ ဟောင်းနွမ်းယိုယွင်းပျက်စီး

နေသည့် အန္တရာယ်ကျောင်းဆောင်ဖြစ်တဲ့အတွက် ၎င်းအားဖျက်သိမ်းပြီး ကျောင်းဆောင်သစ် ပေ(၁၅၀ x ၃၀) Streel Structure ဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးအား အလေးအနက်စဉ်းစားပေးပါရန် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။


ဒေါါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အရှေ့ဘက်မှ မြင်တွေ့ရသည့် မြင်ကွင်းပုံ (၄)



ဒေါါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အနောက်ဘက်မှ မြင်တွေ့ရသည့် မြင်ကွင်းပုံ (၄-၁)



ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခြောက်ဘက်တွင် အနည်းငယ်ယိုင်လဲ နေသဖြင့် တုတ်ဖြင့် ထောက်ထားရသည့် မြင်ကွင်းပုံ (၄-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ရှိ သုံးပန်လှကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၅။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ပညာပြည့်ဝနှလုံးလှပါစေကြောင်း ဂါရဝပြုနှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ ခရိုင်၊ ချောင်းဦးမြို့နယ်ရှိ သုံးပန်လှကျေးရွာမှ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီသုံးပန်လှကျေးရွာဟာ ယခင်က အနိမ့်ကျေးရွာ အမည်နဲ့ ရှိခဲ့ပါတယ်။ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့တဲ့ သုံးပန်လှဘုရားကို အကြောင်းပြုပြီးတော့ သုံးပန်လှကျေးရွာအဖြစ် နာမည်ပြောင်းလဲခဲ့ပါတယ်။ အဲဒီကျေးရွာမှာ ရှေးဟောင်း

ဘုရားများ တည်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ရွာတစ်ရွာလည်း ဖြစ်ပါတယ်။ လူဦးရေ (၃၆၅၀) ကျော် ရှိပါတယ်။ တောင်သူလုပ်ငန်းများပြားပြီး အရောင်းအဝယ်လုပ်ငန်းများလည်း လုပ်ကြပါတယ်။ ဖရဲ၊ သခွား အများဆုံးစိုက်ပျိုးပြီး တရုတ်နိုင်ငံနဲ့ ရောင်းဝယ်ဖောက်ကားလို့ စီးပွားဖြစ်ထွန်းကြပါတယ်။ ပညာသင်ကြားရာမှာ အလယ်တန်းကျောင်းပဲ ရှိပါတယ်။ ကျောင်းသားဦးရေကတော့ (၃၇၇)ဦး ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာများကတော့ ရွာထင်ကျေးရွာ၊ ရွှေလှေကျေးရွာနဲ့ အခြားကျေးရွာငယ်များလည်း ရှိကြပါတယ်။ အဲဒီပတ်ဝန်းကျင်ကျေးရွာများရဲ့ လူဦးရေစုစုပေါင်းကတော့ (၃၂၄၂)ဦး ရှိကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သုံးပန်လှကျေးရွာနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကျေးရွာမှာ စုပေါင်းလိုက်မယ်ဆိုရင် ကျောင်းသားဦးရေဟာ (၅၀၀)ကျော်ရှိနေပါတယ်။ ကျေးရွာတိုင်းမှာ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများလည်း ရှိပါတယ်။ ကျောင်းသားဦးရေ များပြားပါတယ်။ ကျွန်တော် တင်ပြတောင်းဆိုတဲ့ သုံးပန်လှကျေးရွာအလယ်တန်းကျောင်းရဲ့ အကျယ်အဝန်းဟာ (၇.၄၈)ဧက ကျယ်ဝန်းပါတယ်။ အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးချဲ့နိုင်ဖို့ ကျောင်းဆောင် အဆောက်အအုံများလည်း တည်ရှိနေကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောကျောင်းကြီးကျေးရွာမှာ အထက်တန်းကျောင်း ရှိပေမယ့် ကျောင်းသားဦးရေ များပြားနေလို့ ပညာသင်ကြားရာမှာ အဆင်မပြေပါဘူး။ ယခု တင်ပြတောင်းဆိုတဲ့ သုံးပန်လှကျေးရွာမှာ အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးချဲ့လိုက်ရင် (၂)ကျောင်းခွဲပြီးပညာသင်ကြားမှ အဆင်ပြေမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သုံးပန်လှကျေးရွာအတွက် အထက်တန်းကျောင်း(ခွဲ) တောင်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ သုံးပန်လှကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများက ကျောင်းသားဦးရေများပြားတာ၊ ဘုန်းတော်ကြီးသင် ပညာသင်ကြားတဲ့ ကလေးများ များပြားတာ အဲဒီလူငယ်များကနေပြီးမှ မိမိတို့ရွာမှာ အဆင့်မြင့်ကျောင်းကြီးရှိလို့ ပညာရေးကို ဆက်လက်သင်ကြားလိုစိတ်ရှိမယ် ကျောင်းထွက်လူငယ်များလည်း လျော့နည်းလာမယ်။ ကျေးရွာလူထုကလည်းပဲ ခွင့်ပြုလိမ့်မယ်လို့ ယုံကြည်ကြလို့ ကျေးရွာလူထုရဲ့ ဆန္ဒအတိုင်း ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အထက်တန်းရှေ့နေ (H.G.P) သင်တန်း တက်ရောက်နိုင်ရန်အတွက် အထက်တန်းရှေ့နေ (H.G.P) သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၈။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ အထက်တန်းရှေ့နေ (H.G.P) သင်တန်းတက်ရောက်နိုင်ရန်အတွက် အထက်တန်းရှေ့နေ (H.G.P)သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ယခင်က အထက်တန်းရှေ့နေစာမေးပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ တက္ကသိုလ်ဝင်တန်းကို (က)ဖြင့်ဖြစ်စေ၊ (ခ)ဖြင့်ဖြစ်စေ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ၊ ပြင်ပမှ ဖွင့်လှစ်သော အထက်တန်းရှေ့နေသင်တန်းများ တက်ရောက်ပြီး ဥပဒေပညာရပ်များ သင်ကြားဆည်းပူးလေ့လာခွင့် ရရှိကြပါတယ်။ ၎င်းသင်တန်းများတွင် တက်ရောက်ပြီး အထက်တန်းရှေ့နေစာမေးပွဲများ အောင်မြင်ပါက အထက်တန်းရှေ့နေအဖြစ် အသိအမှတ် ပြုခဲ့ပါတယ်။ ၎င်းပုဂ္ဂိုလ်များဟာ အထက်တန်းရှေ့နေအသိအမှတ်ပြုခံရပြီးနောက် တရားရုံး တရားလွှတ်တော် ရှေ့နေကြီးများထံ သင်ကြားမှုခံယူကာ တရားရုံး လက်တွေ့ဆောင်ရွက်ခွင့်များကို လက်တွေ့ ကွင်းဆင်းဆောင်ရွက်စေပြီး တရားရုံးများတွင် အမှုကိစ္စများအတွက် တရားဝင်ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခွင့် ရရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေပညာရပ်များကို လေ့လာသင်ယူနိုင်ပြီး (LLB)ဘွဲ့ အပ်နှင်းဆောင်ရွက်နိုင်ရန် တချို့သော တက္ကသိုလ်ကြီးများတွင် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မိဘများက ဆက်လက်ကျောင်းထားနိုင်ပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်မှသာ (LLB)ဘွဲ့ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ယခုအခါ ဥပဒေပညာရပ်ဟာ လူတိုင်းသိထားတတ်ထားသင့်တဲ့ ပညာရပ်တစ်ခုဖြစ်ကာ လူ့ဘောင်အဖွဲ့အစည်းအတွက် များစွာ အကျိုးပြုတဲ့ ပညာရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်

ကိုယ်စားလှယ်များသည်ပင်လျှင် ဥပဒေပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက လွှတ်တော် ဥပဒေပြုရေးကဏ္ဍအတွက် များစွာ အထောက်အကူပြုစေပါတယ်။ တက္ကသိုလ်အသီးသီးမှ မွေးထုတ် လိုက်သော ဥပဒေပညာရှင်များသည် မြန်မာနိုင်ငံရှိ လူဦးရေ (၅၄)သန်းအတွက် လုံလောက်မှု မရှိသေးဟု ယူဆပါတယ်။ သို့ဖြစ်ပါ၍ အထက်တန်းရှေ့နေများ မွေးထုတ်ပေးပါက နိုင်ငံအတွင်း ပြည်သူတစ်ရပ်လုံးနှင့်တကွ လူ့ဘောင်အဖွဲ့အစည်းကို များစွာ အကျိုးကျေးဇူးပြုစေနိုင်မှာ ဖြစ်ပါတယ်။

ထို့အတူ ယနေ့ အခြေခံပညာသင်ရိုးတွင် ကျောင်းသူ၊ ကျောင်းသား လူငယ်မောင်မယ်များ အရွယ်နှင့်အညီ သိသင့်သိထိုက်တဲ့ ဥပဒေအကြောင်းအရာများကိုလည်း သိရှိနိုင်ရန်နှင့် ထည့်သွင်း ရေးဆွဲပေးရန် သင်ရိုးညွှန်းတမ်းကော်မတီသို့ ပညာရေးမြှင့်တင်မှုကော်မတီအနေနှင့် အကြံပြု တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ယနေ့ ကျွန်တော်တို့နိုင်ငံတွင် အထက်တန်းရှေ့နေ အောင်မြင်ပြီး ဥပဒေပညာရပ်ဖြင့် အောင်မြင်နေကြတဲ့ ပုဂ္ဂိုလ်များလည်း များစွာရှိနေပါတယ်။ သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသူ၊ ကျောင်းသားများ၊ နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပညာကို ကောင်းစွာသိရှိနားလည်ပြီး ဥပဒေကို လေးစားလိုက်နာသည့် လူသားကောင်းများ ဖြစ်စေရန် ရည်ရွယ်၍လည်းကောင်း၊ ဥပဒေပညာဖြင့် လူ့ဘောင်လူ့လောကကြီးကို အကျိုးပြုစေရန် ရည်ရွယ်၍လည်းကောင်း၊ အထက်တန်းရှေ့နေပညာရပ်ဖြင့် ဘဝတွင် အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့် ပုဂ္ဂိုလ်များဖြစ်စေရန် ရည်ရွယ်၍လည်းကောင်း၊ အထက်တန်းရှေ့နေ (H.G.P) သင်တန်း များ ပြန်လည်ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံတွင် ယခင်ကကဲ့သို့ အထက်တန်းရှေ့နေ (H.G.P) သင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၂။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ၏ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ အခြေခံ

ပညာအလယ်တန်းကျောင်းရှိ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး နှစ်ထပ်ကျောင်းဆောင် သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ်မှာ ဦးစွာ ဖြေကြားတင်ပြ ပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှ အန္တရာယ်ရှိကျောင်းဆောင်ကိုဖျက်သိမ်းပြီး အသစ် ဆောက်လုပ်ရန် ကျောင်း(၅)ကျောင်း၊ အသစ်တိုးချဲ့ဆောက်လုပ်ရန် (၄)ကျောင်း၊ ဝန်ထမ်းအိမ်ရာ အသစ် ဆောက်လုပ်ရန် (၂)ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်းပေါင်း(၁၁)ကျောင်းအတွက် ယခု ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၉၇၀.၂၀)သန်း ခွဲဝေဆောင်ရွက်ပေးနေကြောင်း ဦးစွာတင်ပြအပ် ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျိုက်ထိုမြို့နယ်၊ ကျိုက်ပိကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်းမှာ ပေ(၁၁၀ x ၃၀) နှစ်ထပ်ဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ဦးစားပေးအစီအစဉ်အရ စိစစ်လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ဘဏ္ဍာငွေခွင့်ပြုချက် ရရှိလျှင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇော့တင်း ရဲ့ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရုပ်ဝကျေးရွာအုပ်စု၊ မီးလက်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် RCC တစ်ထပ် ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ဖို့အတွက် ကျောင်းဆောင်သစ်(၃)ကျောင်း၊ တိုးချဲ့ကျောင်းဆောင် သစ်(၃)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် (၅)ကျောင်း၊ စုစုပေါင်းကျောင်း (၁၁)ကျောင်း အတွက် ငွေကျပ် (၁၂၄၅.၁၂၀)သန်း ခွဲဝေလျာထားဆောင်ရွက်လျက်ရှိကြောင်း ဦးစွာတင်ပြအပ် ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပလက်ဝ မြို့နယ်၊ မီးလက်ဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာ ပေ(၁၂၀ x ၃၀) RC

တစ်ထပ်ဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ရန်လိုအပ်တဲ့ ရန်ပုံငွေများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေမှာ ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနဲ့ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက ကျောင်းဆောင်အသစ်(၁)ဆောင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ မေးခွန်းဖြစ်သော "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ရွှေဝါကျေးရွာအုပ်စုရှိ ရွှေဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း၊ မိန်းပန်းကျေးရွာအုပ်စုရှိ မိန်းပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်မြို့နယ်မှာ ယခု ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း(၈)ကျောင်း အဆင်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီ ဆောင်ရွက်ပေးခဲ့တဲ့အတိုင်းပဲ ကိုယ်စားလှယ်တော်ကြီး ခုန မေးခွန်းမှာ တင်ပြချက်အရ လူငယ်လူရွယ်များအတွက် ပညာရေးအခွင့်အလမ်းပွင့်လန်းလာကြောင်း သိရှိရတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာရပါတယ်။ ယခုလည်း ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ဟိုပန်မြို့နယ်၊ ရွှေဝါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနဲ့ မိန်းပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို ကျွန်တော်တို့ ကျောင်းအဆင့်မြှင့်တင်ရေးမူများနဲ့ စိစစ်ပြီးအဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘွဲခိန်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဒေါန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ဆောင်(၁)ဆောင်သည် ဟောင်းနွမ်းပျက်စီးနေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခု ပညာသင်နှစ်မှာ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်း ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်းပြီး ကျောင်းအသစ်ဆောက်လုပ်ရန် (၂)ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ရန် (၂)ကျောင်း၊ ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်ပေးရန် (၅)ကျောင်း၊ လွှတ်တော်ကတိကဝတ်အရ အသစ်ဆောက်လုပ်ပေးတဲ့ ကျောင်း(၁)ကျောင်း၊ စုစုပေါင်း ကျောင်း(၁၀)ကျောင်းအတွက် ငွေကျပ် (၂၄၃၇.၃၈)သန်း ခွဲဝေလျာထားဆောင်ရွက်ပေးနေကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ ဒေါ်န်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် ကျွန်တော်တို့ လာမယ့် ၂၀၂၀-၂၀၂၁ မှာ ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ဦးစားပေးအစီအစဉ်အရ လျာထားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်းနဲ့ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလှဦး ရဲ့ မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ရှိ သုံးပန်လှကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၃)ကျောင်းကို ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ချောင်းဦးမြို့နယ်ရှိ သုံးပန်လှအခြေခံပညာ အလယ်တန်းကျောင်းရဲ့ လက်ရှိကျောင်းအဆင့် သက်တမ်းမှာ (၃)နှစ်ခန့်ပဲ ရှိပါသေးတယ်။ လယ်ဆင့်သင် ကျောင်းသား၊ ကျောင်းသူဦးရေမှာလည်း (၁၇၈)ဦးသာရှိတဲ့အပြင် အနီးဆုံးအထက်တန်းဆင့်သင်ကျောင်းဖြစ်တဲ့ တောကျောင်းကြီး အခြေခံပညာအလယ်တန်းကျောင်းနှင့်လည်း (၂)မိုင်ခန့် ခရီးအတွင်းမှာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ချောင်းဦးမြို့နယ်၊ သုံးပန်လှအခြေခံပညာအလယ်တန်းကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် လာမယ့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ဦးစားပေးအစီအစဉ်အဖြစ်တော့ သတ်မှတ်လျာထားခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော် တစ်နေ့က တင်ပြသလိုပဲ ဒီနှစ်တော့ ကျွန်တော်တို့ ဦးစားပေးမဟုတ်ပေမယ့် နောင်လာမယ့်နှစ်တွေမှာ ဘဏ္ဍာရေးခွင့်ပြုချက်ရရှိသည်နှင့်အညီ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်သောင်း ရဲ့ မေးခွန်းဖြစ်သော မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများမှ အထက်တန်းရှေ့နေ (H.G.P) သင်တန်းတက်ရောက်နိုင်ရန်အတွက် အထက်တန်းရှေ့နေ (H.G.P) သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အထက်တန်းရှေ့နေ (H.G.P) စာမေးပွဲသည် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်တဲ့စာမေးပွဲမဟုတ်ဘဲနဲ့ ဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ ဆောင်ရွက်တဲ့ သင်တန်းဖြစ်ကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ဒီ စာမေးပွဲသည် သင်တန်းအမျိုးအစားထဲမှာ မပါ ပါဘူး။ သင်တန်းများလည်း ဖွင့်လှစ်ပေးခြင်း မရှိပါဘူး။ ဖြေဆိုရမယ့် သင်ရိုးညွှန်းတမ်းများကိုတော့ ထုတ်ပြန်ကြေညာထားပြီး အပိုင်း(၂)ပိုင်းခွဲပြီး စာမေးပွဲစစ်ဆေး သတ်မှတ်ခြင်းသာ ဖြစ်ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအနေနဲ့ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက် ဥပဒေဘွဲ့(LLB) သင်တန်းများကို နေ့သင်တန်းများနှင့် အဝေးသင်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါသင်တန်းများမှ ကျောင်းဆင်းသွားတဲ့ ဥပဒေဘွဲ့(LLB) ရရှိသူများသည် Chamber (၁)နှစ် ဆင်းပြီးပါက အထက်တန်းရှေ့နေ (H.G.P)အဖြစ် တရားရုံးချုပ်တွင် လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ (LLB) ဘွဲ့သင်တန်းများကို နေ့သင်တန်းနှင့် အဝေးသင်သင်တန်း အစီအစဉ်(၂)မျိုးနဲ့ တက္ကသိုလ်စုစုပေါင်း (၁၇)ခုမှာ သင်ကြားလျက်ရှိပါတယ်။ နောက် ရန်ကုန် အဝေးသင်တက္ကသိုလ်အနေနဲ့ ဥပဒေပညာဘာသာရပ်ကို PGDL (Post Graduate Diploma in Law) LLB နှင့် မဟာဘွဲ့ LLM သင်တန်းများကိုလည်း ခေတ်မီ Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိပညာသင်နှစ်မှာ ဥပဒေပညာ

ဘွဲ့ကြို မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဥပဒေသင်တန်းများမှာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၃၀၀၀)ခန့် တက်ရောက်သင်ကြားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ (H.G.P) အစီအစဉ်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်တဲ့ အစီအစဉ် မဟုတ်ပါကြောင်းနဲ့ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဥပဒေဘွဲ့ (LLB) ရရှိသူများအနေဖြင့် Chamber (၁)နှစ် ဆင်းပြီးပါက အထက်တန်းရှေ့နေ (H.G.P)အဖြစ် တရားရုံးတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၅။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကျန်းမာရေးမှုး ကောင်စီ ဥပဒေကြမ်းနှင့်ပတ်သက်လို့ အကြံပြုဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ ကန့်လန့်ဖြတ် ဇယား စဉ်(၄) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲငယ်(ဂ) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်း၊ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်း၊ သုတေသန

ပြုခြင်း၊ ကုသမှုပေးခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအားလုံးနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်ကို ဆိုသည်လို့ ကျွန်တော် ပြင်ဆင်လိုပါတယ်။ ဒီနေရာမှာ ကျိုးကြောင်းဖော်ပြချက်ကတော့ အဆိုပြုပြဋ္ဌာန်းချက်ထဲမှာ ကျွန်တော် မှင်နီနဲ့ ပြထားတဲ့ ကုသမှုပေးခြင်းကို အဲဒီနေရာမှာ ဖြည့်စွက်ပေးခြင်းနှင့် ပိုမိုပြည့်စုံတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပေါ်စေရန်၊ ရေးထုံးမှန်ကန်စေရန် ရည်ရွယ်ပြီး ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

စဉ်(၈) အခန်း(၃)၊ အပိုဒ် ၄ အပိုဒ်ခွဲငယ်(၁) ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်ချင်တာကတော့ ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ကျွန်တော်တို့ ဒီကော်မတီမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပေးစေလိုပါတယ်။ အပိုဒ်ခွဲငယ်(၇) ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်(၁)ဦးကို ဘဏ္ဍာရေးမှူးအဖြစ် Slide မှာ မှင်နီပြထားတဲ့အတိုင်း ကျွန်တော် ဖြည့်စွက်လိုပါတယ်။ နောက် အပိုဒ်ခွဲငယ်(၈) ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်(၁)ဦးကိုတော့ အတွင်းရေးမှူးအဖြစ် ရွေးချယ်ပေးစေလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်ထောင်စုအစိုးရကနေ သဘောတူညီချက်နဲ့ ပြဋ္ဌာန်းတဲ့ ကျန်းမာရေးမှူးကောင်စီဖြစ်တဲ့အတွက် အစိုးရအဖွဲ့ဝင်(၁)ဦးဖြစ်တဲ့ ဒုတိယဝန်ကြီးကိုယ်တိုင် ဥက္ကဋ္ဌတာဝန်ယူပြီး ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း ကျွန်တော် အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။

နောက် ကန့်လန့်ဖြတ်ဇယား စဉ်(၁၇) အခန်း(၆)၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲငယ်(ဂ) ဖြစ်ပါတယ်။ ဒီနေရာမှာ နုတ်ထွက်ခြင်းကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားသော်လည်းပဲ ကျွန်တော်က အပိုဒ်ခွဲငယ်(ဂ) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်သင့်ပါတယ်။ နောက်အပိုဒ်ခွဲငယ်(င)မှာ အဆိုပြုပြဋ္ဌာန်းချက်က ရူးသွပ်ခြင်းကို ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဖော်ပြထားပါတယ်။ ကျွန်တော်ကတော့ အဲဒီ (င)ကို စိတ်ကျန်းမာရေး ချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်းလို့ ပြင်ဆင်လိုပါတယ်။ အဲဒီမှာ ကျွန်တော့်ရဲ့ Slide မှာလည်းပဲ အနီရောင်နဲ့ ပြထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ အဆိုပြုပြဋ္ဌာန်းချက်(င)မှာ ရူးသွပ်ခြင်းလို့ဖော်ပြပြီး ဥပဒေကြမ်းကော်မတီက (က)မှာ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဖော်ပြထားတာတွေ့ရပါတယ်။ ဒီအခါမှာ ကျွန်တော်တို့ ဝေါဟာရအကုန်လုံး ပြောင်းလဲမှုအရ ရူးသွပ်သူ၊ စိတ်ပေါ့သွပ်သူတို့ကို စိတ်ကျန်းမာရေး ချို့ယွင်းသူလို့ ခေါ်ဝေါ်ပြောင်းလဲသုံးနှုန်းတဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ အပိုဒ်ခွဲငယ်(င)ကို စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်းလို့ ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကန့်လန့်ဖြတ်ဇယား စဉ်(၂၉) အခန်း(၈)၊ အပိုဒ် ၂၀ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အပိုဒ် ၂၀ ကို မှတ်ပုံတင်လက်မှတ် လျှောက်ထားသော ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးမှူးကြီးကြပ်သည် ကျန်းမာရေးမှူးအသင်း၏ အသင်းဝင်ဖြစ်ရမည်လို့ ကျွန်တော်

ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ ကျန်းမာရေးမှုးအသင်းဝင် မဟုတ်သူများ လျှောက်ထားရန် ခွင့်မပြုသင့်ကြောင်း ရည်ရွယ်ချက်ဖြင့် ကျွန်တော် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာ၍ ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဖြစ်ပါတယ်။

ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ပုဒ်မ ၂(ဂ)ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးမှုးစောင့်ရှောက်မှုဆိုတဲ့ စကားရပ်ကို အနီရောင် Bold ပေးထားတဲ့ စကားရပ်တွေက ကျွန်တော် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ရောဂါရှာဖွေခြင်းဆိုတဲ့ဟာကို ကျွန်တော် ဖြည့်စွက်လိုပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးနှင့် သက်ဆိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာဆောင်ရွက်မှုများ အပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်ကို ဆိုသည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ၂(စ)မှာ ပြဋ္ဌာန်းထားတဲ့ ဝန်ကြီးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒါက မူလဥပဒေမှာတော့ ဝန်ကြီးဆိုတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က လိုအပ်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြင်ဆင် ချက်မှာ ပုဒ်မ ၃၇ နှင့် ၃၈ မှာ ပါတဲ့ ဝန်ကြီးသည် ဆိုတဲ့ဟာကို ဝန်ကြီးဌာနသည်လို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပြီးဖြစ်တဲ့အတွက် ဥပဒေတစ်ရပ်လုံးမှာ ဝန်ကြီး ဆိုတဲ့ စကားရပ်က ပါဝင်တော့ခြင်းမရှိတဲ့အတွက် ဝန်ကြီးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က ဒီမှာ ဖြည့်စွက်စရာ မလိုတော့ဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

ပုဒ်မ ၂ (ဋ)မှာတော့ ကျန်းမာရေးမှုးကို ဆိုသည်ဆိုတဲ့ အရှေ့ကစကားရပ်ကို မှတ်ပုံတင် ကျန်းမာရေးမှုးကို ဆိုသည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၀ ကတော့ ကိုယ်စားလှယ် တော်ကြီး ခုနကဆွေးနွေးသွားသလို ရှုးသွပ်ခြင်းဆိုတဲ့ ပုဒ်မ ၁၀(င)ကိုတော့ ကျွန်တော်က စိတ်ပေါ့ သွပ်သူဟု သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်းဖြစ်သူ ဖြစ်သည်

သတ်မှတ်ခံရသူဖြစ်ခြင်းဆိုတဲ့ စကားရပ်က ဒီရေးထုံးကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးထုံးနှင့်အညီ ကျွန်တော်တို့ အရှေ့မှာပြဋ္ဌာန်းပြီး အတည်ဖြစ်ခဲ့တဲ့ ဥပဒေတွေမှာလည်း ဒီရေးထုံးအတိုင်းပဲ ရေးတဲ့အတွက် ရေးထုံးတစ်ပုံစံတည်းဖြစ်အောင် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုဒ်မ ၁၅(က) ဖြစ်ပါတယ်။ ပုဒ်မ ၁၅(က)ကို ပြင်ဆင်ချင်တာကတော့ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ခေါ်ယူရမည်။ မူလဥပဒေမှာတော့ တစ်ကြိမ်ခေါ်ယူရမယ်။ ကျွန်တော့်အနေနဲ့ အနည်းဆုံး တစ်ကြိမ် ခေါ်ယူရမယ်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြားမှာ အရှည်ကြာဆုံးကာလဟာ (၁၂)လထက် မပိုစေရဟု Break တစ်ခုပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဒီ အနီရောင် စာလုံးနဲ့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၅(ခ)ကတော့ ကျွန်တော်တို့ ဒါ ရေးထုံးပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းပူးပေါင်းကော်မတီကတော့ ကျွန်တော် တင်ပြလျှင်ဆိုတဲ့ စကားရပ်ကို သုံးထားတယ်။ အစည်းအဝေးခေါ်ယူကျင်းပရန် တင်ပြလျှင်ဆိုတဲ့ စကားရပ်ကို အစည်းအဝေး ခေါ်ယူကျင်းပရန် တောင်းဆိုလျှင်ဆိုတဲ့ စကားရပ်က ကျွန်တော်တို့ ရေးထုံးအားဖြင့် ညီညွတ်မှု ရှိပြီးတော့ သို့မဟုတ်ဆိုတဲ့ (or) လို့ သုံးထားတဲ့နေရာမှာ ကျွန်တော်တို့ ဖြစ်စေဆိုတဲ့ စကားရပ်ကို သုံးမှသာလျှင် ကျွန်တော်တို့ ရေးထုံးညီညွတ်မှာဖြစ်ပါတယ်။

ဒါက ကောင်စီက အစည်းအဝေးကျင်းပတဲ့အခါမှာ အနည်းဆုံး ကျွန်တော်တို့ (၄၈)နာရီ ကြိုတင် အကြောင်းကြားရမယ်၊ ဖိတ်ကြားရမယ်ဆိုတဲ့ စကားရပ်ကို အဲဒီ (၄၈)နာရီ (၂)ရက်ဆိုတဲ့ နေရာမှာ စနေ၊ တနင်္ဂနွေ အပါအဝင် အခြားရုံးပိတ်ရက်များမှအပ ဆိုပြီး ခံပေးမှသာလျှင် ဒီ ပြဋ္ဌာန်းချက်က ပိုမိုပြည့်စုံမှာဖြစ်ပါတယ်။ ဒါက (၃)လဆိုတဲ့ဟာကို ဥပဒေရေးထုံးအရ ရက်ပေါင်း (၉၀)လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ (၃)လနှင့် အထက်ဆိုရင်တော့ လကိုသုံးပါတယ်။ သုံးလအတိဆိုရင်တော့ ရက်ပေါင်းနဲ့ ကျွန်တော်တို့ သုံးလေ့ရှိပါတယ်။ ရက်ပေါင်း (၉၀)လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်း ဖြစ်ပါတယ်။ ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု

ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာမှာ အင်္ဂလိပ်စာသုံးစွဲခွင့်နှင့် Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များမှာ အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)မှာ ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုရဲ့ အဓိပ္ပာယ်ဖော်ပြချက်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ကုသမှုပေးခြင်း၊ ပဏာမ စသော စကားရပ်များဖြင့် ပြင်ဆင်ဖြည့်စွက်ထားကြောင်း တွေ့ရှိရပါတယ်။ ဒီနေရာမှာ အခန်း(၁)ရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)မှာလည်း ဒီဥပဒေကြမ်းနဲ့သက်ဆိုင်တဲ့ ကုသမှုပေးခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ထပ်မံဖြည့်စွက်ထားကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်မအနေနဲ့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက်အတိုင်း ထားရှိစေလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကမ္ဘာ့နိုင်ငံတွေမှာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့ Definition of public health service မှာလည်း ကုသမှုလုပ်ငန်းဟာ ပါဝင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ သတ်မှတ်ချက်အရလည်း Public Health Service မှာ ပါဝင်တဲ့လုပ်ငန်းတွေဟာ Health Situation Analysis, Health Surveillance, Health Promotion, Prevention Services, Infectious Disease Control, Environmental Protection and Sanitation, Disaster Preparedness and Response and Occupational health လို့ ဖော်ပြထားတဲ့အတွက်ကြောင့် ကုသမှုပေးခြင်းဆိုတဲ့ Curative Function ပါဝင်ခြင်းမရှိပါဘူး။ ဒါ့အပြင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများရဲ့ ကုသနိုင်မှုအတိုင်းအတာဟာလည်း အကန့်အသတ်ရှိတာကြောင့် ကုသမှုဆိုသောစကားရပ်ကို အစားထိုးပြီး အဓိပ္ပာယ်ဖွင့်ပြခြင်းအစား ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဆိုတဲ့ အသုံးအနှုန်းဟာ ကျစ်လျစ်ပြီး အဓိပ္ပာယ်ပြည့်စုံပြီးသားဖြစ်တဲ့အတွက် မူလအဆိုပြုချက်အတိုင်းထားရှိလိုပါတယ်။

ဒုတိယပြင်ဆင်လိုတာကတော့ အခန်း(၂)၊ အပိုဒ် ၃ မှာ ဖော်ပြထားတဲ့ ရည်ရွယ်ချက် အပိုဒ်ခွဲ(ခ)ကို (က)အဖြစ် နေရာအထားအသို ပြောင်းလဲလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ လက်တွေ့ကျင့်သုံးလျက်ရှိတဲ့ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေတို့ရဲ့ ပြဋ္ဌာန်းချက်တွေမှာလည်း ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်ဆိုတဲ့အချက်ဟာ နံပါတ်(၁)ရည်ရွယ်ချက်အဖြစ် ပြဋ္ဌာန်းထားတာဖြစ်လို့ ယခင် ပြဋ္ဌာန်းဥပဒေများနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အပိုဒ်ခွဲ(ခ)ကိုတော့ မှတ်ပုံတင်ကျန်းမာရေးမှုးများ၏ အရည်အသွေးအဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်လို့ ပြောင်းလဲပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ အရေးအသားကျစ်လျစ်စေရန် ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရည်ရွယ်ချက်မှာ အသစ်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ (င) အနေနဲ့ ဖြည့်စွက်လိုတာက သုတေသနလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆိုတဲ့အချက်ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ လက်ရှိဆောင်ရွက်နေတဲ့ NCD Clinic တွေ Elderly Care တွေအပါအဝင် Public Health Service တွေရဲ့ သုတေသနဆောင်ရွက်ချက်တွေမှာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ အများကြီးပါဝင်ဆောင်ရွက်နေရတာအပြင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုရဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာလည်း သုတေသနပြုခြင်းဆိုတဲ့စကားရပ်တွေ ပါဝင်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ကတော့ အခန်း(၆)၊ အပိုဒ် ၁၀ ရဲ့ ကျန်းမာရေးကောင်စီဝင်အဖြစ်မှရပ်ဆဲခြင်း ပြဋ္ဌာန်းချက်မှာ အပိုဒ်ခွဲ(ဂ) နုတ်ထွက်ခြင်းဆိုတဲ့ စကားရပ်ကို ဥပဒေကြမ်းကော်မတီမှ ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါတယ်။ ကျွန်မအနေနဲ့က ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကောင်စီဝင်အဖြစ်ကနေနုတ်ထွက်တဲ့သူကိုလည်း ကောင်စီဝင်အဖြစ်မှ ရပ်စဲရမှာဖြစ်လို့ မူလအတိုင်းထားရှိလိုခြင်းဖြစ်ပါတယ်။ နောက်တစ်ချက် အခန်း(၆)၊ အပိုဒ် ၁၁ အဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံ့ဝန်ထမ်း မဟုတ်သောကောင်စီဝင်(၁)ဦးသည် ကောင်စီဝင်အဖြစ်မှ မိမိသဘောအလျောက် နုတ်ထွက်လိုလျှင် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ စာဖြင့်တင်ပြနုတ်ထွက်နိုင်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ လက်တွေ့ကျင့်သုံးနေတဲ့ အခြားကောင်စီဥပဒေတွေမှာလည်း အဆိုပါပြဋ္ဌာန်းချက်မျိုး မရှိသောကြောင့် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။

ထပ်မံပြင်ဆင်လိုတာကတော့ အခန်း(၇)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(က)တွင် ကောင်စီဥက္ကဋ္ဌသည် ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို (၁)နှစ်လျှင်(၁)ကြိမ် ခေါ်ယူကျင်းပရမည်ဟူသော ဝန်ကြီးဌာန၏ အဆိုပြုပြဋ္ဌာန်းချက်အား ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကောင်စီရဲ့ သက်တမ်းဟာ (၅)နှစ်ဖြစ်လို့ (၁)နှစ်လျှင်(၁)ကြိမ်သာ ခေါ်ယူခြင်းအား ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အဆိုပါ ဝန်ကြီးဌာနမှ ပြဋ္ဌာန်းဥပဒေများပါ အခြားကောင်စီများမှာ (၃)လ(၁)ကြိမ် သို့မဟုတ် (၄)လ(၁)ကြိမ် ပုံမှန်အစည်းအဝေးခေါ်ယူရန်နှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပရန် ပြဋ္ဌာန်းထားသောကြောင့် ပုံမှန်အစည်းအဝေးများကို (၄)လ(၁)ကြိမ် ခေါ်ယူရန်နှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးခေါ်ယူရန်ဟု ပြင်ဆင်သင့်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ ဥပဒေကြမ်းရဲ့ အမည်ဖြစ်ပါတယ်။ အခန်း(၃) ကောင်စီဖွဲ့စည်းခြင်းတွင် ကောင်စီအဖွဲ့ဝင်အဖြစ် အပိုဒ်ခွဲ ၆ တွင် ကျန်းမာရေးမှူးအသင်းညီလာခံက

ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်ဆိုပြီး ရာထူးအဆင့်မတူသူ(၂)ဦးကို ဥပဒေကြမ်းကော်မတီမှ ယှဉ်တွဲထည့်သွင်းထားသည့်အပြင် ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းရဲ့ ခေါင်းစဉ်အောက်မှာ ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ဟု ပူးတွဲအသုံးပြုထားသော ပြင်ဆင်ချက်များမှာ ဆီလျော်မှုမရှိသောကြောင့် ဥပဒေကြမ်းအမည်အား ဥပမာအားဖြင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကဲ့သို့ ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေဟု စဉ်းစားသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ (၁၂)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေး တင်ပြခြင်း

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော ရေးရာကော်မတီ(၁၂)ခု၏ သက်တမ်းအား တစ်နှစ်ပြည့်မြောက်သည့်နေ့မှစတင်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၇ အရ နောက်ထပ်သက်တမ်း တစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ ရုပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့

ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁:၀၂ နာရီအချိန်တွင် ရပ်နားပါသည်။]